ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်

အပြည်ပြည်ဆိုင်ရာ

## ဗောဓိအေးငြိမ်းရိပ်သာ

မောင်းထောင်မြေဇင်းတောရတိုက်ခွဲ

# အရွယ်မလွန်ခင် သိစေချင်. . .



နှင့်

## စခန်းဝင်ယောဂီများ၏ မွေ့ပီတိစာတမ်းများ

အရှင်ကေလာသ (သာသနဓဇဓမ္မာစရိယ) စုစည်းဖော်ညွှန်းသည်။

သာသနာ - ၂၅၅၈ ကောဇာ - ၁၃၇၆ ခရစ် - ၂၀၁၄

# မောင်းထောင်မြွှစင်းတောရဆရာတော်ဘုရားကြီး၏

# ဓာတုစေတီတော်



၁၃၆၈-ခု နတ်တော်လဆန်း (၁၃)ရက်နေ့တွင်
မောင်းထောင်မြွှစင်းတောရဆရာတော်ဘုရားကြီး၏ ဓာတ်တော်များကို
ဌာပနာသွင်းပူဇော်သည်။

ကျေးဇူးတော်ရှင်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး




၁၇-နာရီကြာ မီးသင်္ဂြိုဟ်တော်မူပြီး ကြွင်းကျန်ခဲ့သည့်
မောင်းထောင်မြေဖင်းတောရဆရာတော်ဘုရားကြီး၏
ရောင်ခြည်တော် ထွန်းမြူးခဲ့သော

# ဓာတ်တော်,မွေတော်များ




(တပို့တွဲလပြည့်ကျော် (၃) ရက် (4-2-2007) တနင်္ဂနွေနေ့
ညနေ (၆) နာရီ မှ (၇)နာရီ မိနစ် (၂၀) အထိ
ဦးခေါင်းခွံတော်, စွယ်တော်တို့မှ အထက်အောက်ရောင်ခြည်တော် ထွန်းမြူးသည်။)



မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး မှ

မောဓိအေးငြိမ်းရိပ်သာဆရာတော် ဦးကေလာသအား

ဒုဿစေတီ ဖူးမြှော်နည်း ညွှန်ကြားပြသနေပုံ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့ မြို့ကြီးကုန်းရိပ်သာရပ်ကွက်

# မောင်းထောင်မြေဇင်းတောရတိုက်ခွဲ



## ဗောဓိအေးငြိမ်းရိပ်သာ ဆရာတော်

# အရှင်ကေလာသ

သာသနဓဇဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ




ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်နှင့်အတူ
မောဓိအေးငြိမ်းရိပ်သာဆရာတော်၊
မောင်းထောင်မြေဖြင်းတောရ
ကမ္မဋ္ဌာနာစရိယဆရာတော်တို့အား ဖူးတွေ့ရစဉ်


မောင်းထောင်မြေဗင်းတောရရိပ်သာ စေတီ နှင့် မုခ်ဦးရှေ့
(ဝဲ မှ ယာ) ဦးသာသန၊ ဦးဥတ္တမ၊ ဦးဇဇ္ဇိပါလ၊ ဦးမဏ္ဍပါလ၊ ဦးကေလာသ

# နိဒါန်း

သိပ္ပံခေတ်ကြီးသည် တစ်နေ့တခြား ဒီရေအလား တိုးတက်လာ၏။ I nternet ခေတ်ရောက်လာသော လူသားတို့ သည် ကံကောင်းကြ၏။ ထိုခေတ်တွင် ကိုယ်လိုချင်တာ ကိုယ်ကြည့်ချင်တာကို Internet ခလုတ်ဖွင့်ကြည့်ရုံနှင့် လက်ရှိဖြစ်နေတာတွေ၊ တင်ထားတာတွေကို မြင်နိုင် ကြား နိုင်သည် ။

သိပ္ပံခေတ်ကြီးက တိုးတက်လာ၏။ သိပ္ပံခေတ်၊ အိုင်တီခေတ်လူအများ စုသည် တရားတော်ကို လက်တွေ့ကျင့်သုံးလာကြ၏။ တရားဂုဏ်တော်များ တွင် ပါဝင်သော "သန္ဒိဋ္ဌိက" ဂုဏ်အတိုင်း ကိုယ်တိုင်ကျင့်၍ ကိုယ်တိုင်မြင်နိုင် သိနိုင်သည် ။

လူတိုင်းသည် ကိုယ့်နှာခေါင်းကလေကို ထွက်ချင် ထွက်၊ မထွက်ချင်နေ တန်ဘိုးရှိမှန်း မသိကြ၍ ပစ်ထားကြ သည် ။ "မသိသူကျော်သွား၊ သိသူဖော်စား" စာအရ ကိုယ့်နှာခေါင်းကလေ၏ တန်ဘိုးကိုသိသောသူတို့သည် မြတ်စွာ ဘုရား၏ တရားတော်များကို မဖြစ်မနေ ကျင့်ကြသည် ။

ဗုဒ္ဓ၏ တရားတော်သည် ဘာသာမဟုတ်။ ကျင့် ‘Buddhism is not r eligion. Buddhism pratice’

ဗုဒ္ဓ၏ တရားများကိုကျင့်လျှင် "တစ်ချက်ခုတ် နှစ်ချက်ပြတ်" ဆိုသလို ကိုယ်ကြည့်ချင်၊ ဖူးချင်သော ဘုရားများ လည်း ဖူးရ၊ ရောဂါလည်းကင်းရ၊ အရင်တုန်းက ဖြစ်ခဲ့တာ၊ အခုရှိနေတာ၊ နောင်ဖြစ်မယ့်ဟာ၊

ကာလသုံးပါး လုံးလည်း မြင်ရ၊ ခန္ဓာဖြစ်ပျက်လည်း မြင်ရ၊ ဓမ္မပီတိထူးများ လည်း ခံစားခွင့်ရနိုင်ပါသည် ။

**ဦးကေလာသ**

**အပြည်ပြည်ဆိုင်ရာဗောဓိအေးငြိမ်းရိပ်သာ**

**လှည်းကူးမြို့ ရန်ကုန်တိုင်းဒေသကြီး။**

**၀၉-၂၀၃၃၃၄၄၊ ၀၉-၇၃၀ ၃၅၇၅၇၊**

**၀၉-၇၃၁ ၃၉၈၉၆**

## အရှင်ကေလာသ၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်သည် ၁၉၆၆-ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်၊ တနင်္လာနေ့ တွင် ဘုတလင်မြို့နယ်၊ မြောက်တော အုပ်စု၊ နေပူစုရွာ ခမည်းတော် ဦး ငွေလွန်း+မယ်တော် ဒေါ်မိညိမ်းတို့ မှ ဖွားမြင်သည် ။

၁၉၇၈-ခုနှစ်၊ မတ်လ၌ လေးတန်းစာမေးပွဲကို ဘုတလင်မြို့နယ်၊ မြောက်တောအုပ်စု၊ အတန်းကျောင်းတွင် အောင်မြင်ခဲ့သည် ။ စာမေးပွဲ အောင်ပြီးနောက် သာသနာ့ ဘောင်သို့ ဝင်ရောက်၍ မောင်းထောင်

ယွန်းဆက်ကျောင်း၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်၊ ကြခတ်ဝိုင်းကျောင်း၊ ရန်ကုန် ဝိသုဒ္ဓါရုံ၊ မန္တလေး မစိုးရိမ်တိုက်သစ်တို့ တွင် ပရိယတ္တိစာပေ များကို လေ့လာသင်ယူခဲ့ပါသည် ။

၁၉၉၃-ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည် ။ ၁၉၉၄-ခုနှစ်မှ ၁၉၉၈-ခုနှစ်ထိ တပည့်များကို စာချခဲ့ပါသည် ။

၁၉၉၉-ခုနှစ်တွင် ရန်ကုန်မြို့ မဟာစည်ဌာနချုပ်တွင် တရားအားထုတ်ပြီးနောက် ညောင်ကန်အေး သာသနာ့ရိပ်သာ၌ ပညာသင်ကာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်း တရားများကို (၃) နှစ်ကြာ ပြသခဲ့ပါသည် ။

၂၀၀၂-ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မောင်းထောင်မြေဇင်းတောရကျောင်း၊ မြေဇင်းတောရဆရာတော် ဘုရားထံ ကနီနည်း မြေဇင်း တောရဆရာတော်၏ ဥပနိသျှအတိုင်း သမထ ဝိပဿနာ တရားများကိုအားထုတ်ခဲ့ပါသည် ။

၂၀၀၃-ခုနှစ်မှ ၂၀၀၉-ခုနှစ်အထိ မန္တလေး ရန်ကင်းအေးငြိမ်းရိပ်သာတွင် ၎င်း၊ ၂၀၁၀-ခုနှစ်မှ ယနေ့ အထိ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဗောဓိအေးငြိမ်း ရိပ်သာတွင် ၎င်း၊ သမထဝိပဿနာတရားများကို ပြသလျက် ရှိပါသည် ။

ဆရာတော်ရေးသားသည့် စာအုပ်များမှာ "ကနီနည်း သမထဝိပဿနာ" စာအုပ်၊ ယောဂီတို့ ၏ ကိုယ်တွေ့ဓမ္မရသများ ဖြစ်သော "ရွာအဝင်လမ်း"၊ "အရတော်စွ လူ့ဘဝ"၊ "စေလိုရာစေအလင်းတွေ" ၊ "တစ်ပွင့်သာ ပိုင်ပိုင်ပန်ချင်တယ်" ၊ "အရွယ်မလွန်ခင်သိစေချင်" စာအုပ်တို့ ဖြစ်ပါသည် ။

အရှင်ကေလာသ
သာသနဓဇဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ
အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ
မြို့ကြီးကုန်းရပ်၊ လှည်းကူးမြို့။

***



အမှောင်ခွင်း၍ အလင်းကိုတွေ့သူ

၁၈-၇-၂၀၁၃

ဤမှတ်တမ်းလွှာကလေးဖြင့် ပူဇော်ထိုက်သူများကို ပူဇော်ပါသည်
။

ကျွန်မသည် ဇောဓိအေးငြိမ်းရိပ်သာတရား စခန်းကို ၉.၆.၂၀၁၃ နေ့ စခန်းဝင် ယောဂီအဖြစ် ဝင်ရောက်လာခဲ့ပါတယ်။ စခန်းစဝင်ပြီး နေ့ဆွမ်းစားပြီး အချိန်မှာ တရားနာရပါတယ်။ ဆရာတော် ဟောကြားသော၊ မှာ ကြားသောတရားများကို နားမှ တစ်ဆင့် ရင်ထဲရောက်အောင် မှတ်သားခဲ့ပါတယ်။ ဆရာတော်မှ ကျွန်မတို့ ကို အရဟံဂုဏ်တော်၊ မေတ္တာပွားပုံ၊ မရဏာနုဿတိ (၁)ရက်စီပွားများ ရှုမှတ်ခိုင်း ခဲ့ပါတယ်။ ၁၂.၆.၂၀၁၃ နေ့မှ စတင်ပြီး အာနာပါန ဝင်သည် (၁)မှ (၈)အထိ မဂ္ဂင်(၈)ပါး ရည်ရွယ်ကာ ရှုမှတ်ပွားများ ခိုင်းပါတော့တယ်။ စတင်ရှုမှတ်ချိန်မှစပြီး ဝင်တိုင်းသိ၊ ထွက်တိုင်းသိ၊ ထိတိုင်းသိ၊ သတိမြဲစေ ဆိုတဲ့ ဆောင်ပုဒ်လေးကို လက်ကိုင်ထားပြီး ရှုမှတ်ခြင်းဖြင့် အကျိုးကျေးဇူးကို ခံစားရပါပြီ။ သမာဓိ ဆိုတဲ့ အရာနဲ့ တရားနိမိတ်(ခ) အလင်းရောင်လေး တစ်ခုကိုရရှိခဲ့ပါတယ်။

အလင်းကလေးတစ်ခုကို ကြိုးစားပွားမှတ်မှုမှ ရရှိလာတဲ့ ခံစားမှုက

တော့ ပြောပြလို့ မရနိုင်တဲ့ ဓမ္မပီတိကလေးပါ။ ထို့နောက် ၁- တောင်ပို့၊ ၂- တောင်ပို့မှ စတင်ပြီး ဘုရားဖူးသင်ခန်းစာ စတင်ပါတော့တယ်။ ဒီနေရာမှာ ကျွန်မပြောချင်တာကလေးကတော့ လောကကြီးမှာ ပိုက်ဆံနဲ့ သွားရောက်နိုင်တဲ့ နေရာများ ရှိသလို မသွားရောက်နိုင်တဲ့ နေရာများလည်း ရှိပါသေးလား ဆိုတာ ကိုယ်တွေ့ခံစားရပါပြီ။ ဆရာတော်မှ ရိပ်သာတွင်း ဘုရားစေတီ၊ ဆရာတော်စံကျောင်းထဲက ဘုရား၊ ဓမ္မာရုံထဲမှ ဘုရားများကို နိမိတ်ပို့၍ ဖူးခိုင်းပါသည် ။ ကြည်ကြည်လင်လင်ဖြင့် အတွင်းဌာပနာများ ကိုပါဖူးခဲ့ရပါတယ်။ ရွှေတိဂုံစေတီတော်မှ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ အလှူရှင်များ နာမည် ရေးထိုးလှူဒါန်းထားသည် တို့ ကို အသေးစိတ်ဖူးတွေ့ ခွင့်ရခြင်း၊ ပတ္တမြားမျက်ရှင်ဘုရား မျက်လုံးတော် လှုပ်ပုံ အနီးကပ်ဖူးမြင်ခဲ့ရပါတယ်။ ဝမ်းသာပီတိဖြစ်မှုနဲ့ အတူ ဆရာတော်ဘုရားများကို အကြိမ်ကြိမ် ရှိခိုးကန်တော့မိပါတယ်။

ကျိုက်ထီးရိုးဆံတော်ရှင်တွင် ဌာပနာထားသည့် ကျောက်တုံးကြီးထဲကို ဝင်ပြီး ဖူးရာ နတ်သား(၂)ပါးက ဆံတော်ရှင်ကို အနီးကပ် ဖူးတွေ့ခွင့်ပေးခဲ့ပါတယ်။ မဟာမုနိရုပ်ပွားတော်ကြီးကို နတ်သားများက ယပ်တော်သွင်းနေပုံကိုလည်း ဖူးတွေ့ခွင့်ရခဲပါသည် ။ အလောင်းတော်ကဿပ ဘုရားကြီးကို ဂူထဲတွင် အနီးကပ်ဖူးမြော်ခွင့်များ ရခဲ့ပါတယ်။ အင်းလေးဖောင်တော်ဦး ဘုရားများ ၏ မူလရုပ်သွင်ကို ဖူးချင်ကြောင်း စိတ်ညွတ်လိုက်တော့ ဘုရားစောင့်နတ်များမှ ဖူးတွေ့ခွင့်ပေးခဲ့ပါတယ်။ ဒါတွေဟာ အိပ်မက်မဟုတ်ပါဘူး၊ တကယ့် လူကိုယ်တိုင် ရောက်သလိုဖူးတွေ့ရခြင်းပါ။

မြတ်စွာဘုရားသခင်၏ ဖွား၊ ပွင့်၊ ဟော၊ စံ နေရာများ ဖူးခိုင်းချိန်မှာတော့ မျက်ရည်ကျရလောက် အောင် ခံစားဖူးတွေ့ရပါတော့တယ်။ အတိတ်၊ ပစ္စုပ္ပန်(၂)မျိုးလုံး ဖူးတွေ့ခွင့်ရခဲ့ပါတယ်။ ဖွားတော်မူစဉ် အတိ

တ်ကာလကို စိတ်ညွတ်ဖူးသောအခါ အင်ကြင်းတောအုပ်တစ်ခုထဲမှ မင်းသမီးတစ်ပါး အင်ကြင်းကိုင်းကို ကိုင်နေဟန်ဖူးမြင်ပြီး၊ ခြေလှမ်းကြွ ရာ ကြာပန်းပွင့်မှ နောက်ဆုံးကြာပွင့်ပုံကို ဖူးမြင်ရပါတယ်။ ဓမ္မစကြာ ဟောတော်မူသော နေရာမှာ လည်း ပဥ္စဝဂ္ဂီငါးဦးကို တရားဟောနေပုံ ကို ပီပီပြင်ပြင် ဖူးတွေ့ရခြင်း၊ ဘုရားသခင် ပရိနိဗ္ဗာန်စံနေပုံကိုလည်း အ ရောင်ဖြာလင်းလက်ပြီး နတ်၊ လူ၊ ဗြဟ္မာတို့ ဖူးတွေ့ ဝမ်းနည်း ငိုကြွေး နေ ပုံတို့ ကိုဖူးမြင်ရင်း ကြက်သီးများ တဖြန်းဖြန်းထ မျက်ရည်မဆည်နို င်အောင် ခံစားရပါတယ်။

သီရိလင်္ကာမှာ ရှိတဲ့ မဟာစေတီထဲမှ ဓာတ်တော်များအား နတ်သား တစ်ပါးက အသွေးတော်၊ အသားတော်၊ ဦးနှောက်တော်စသဖြင့် တစ်ခုချင်းစီပြသခဲ့ပါတယ်။ ထူပါရုံစေတီမှ ညှပ်ရိုးတော်။ ခါးပန်းကြိုး တို့ ကိုလည်း ဖူးခွင့်ရခဲ့ပါတယ်။ စွယ်တော်တိုက်မှ စွယ်တော်ကိုလည်း ဖူးရပါတယ်။

တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီတော်ကြီး ဖူးမြင်ရပါတယ်။ နတ်သားများ လက်အုပ်ချီပြီး စောင့်ကြိုပါတယ်။ ရွှေရောင်စေတီတော်ကြီး၊ စိန်ဖူးတော်ကြီး၊ စောင်းတန်းကြီး နှစ်သွယ်ကို လည်းကောင်း၊ အတွင်း ဌာပနာ ဆံတော်နှင့် စွယ်တော်ကိုလည်း ဖူးတွေ့ခွင့်ရခဲ့ ပါတယ်။ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာကြီး အရောင်အ သွေးမှာ နီသွေးသွေး အရောင်နှင့် ကျောက်ဖျာကြီးပေါ်တွင် မြတ်စွာဘု ရား နှစ်ထပ်သင်္ကန်းကြီးကိုခင်း၍ တရားဟောပုံ တွေ့ခဲ့ရပါတယ်။ ပင် လယ်ကသစ်ပင်မှ မွှေးသောအနံ့များကိုလည်း ရရှိခဲ့ပါတယ်။

ဗြဟ္မာ့ပြည်တွင် ရှိသော ဒုဿစေတီကြီးကိုလည်း သေသေချာချာဖူး ခဲ့ရပါတယ်။ အတွင်းဌာပနာ၊ ဘုရားအလောင်း မင်းသားတောထွက်စဉ်

က ဝတ်လဲတော်၊ စလွယ်၊ ဟင်္သာခြေနင်း၊ လက်ကြပ်၊ နားတောင်းများ ကို ဗြဟ္မာကြီးတစ်ဦးက သေသေချာချာပြပေးပါတယ်။ စေတီအတွင်း အတိတ်၊ ပစ္စုန်ပ္ပန်၊ အနာဂတ်ကြေးမုံပြင်ကြီး(၃)ချပ် ကိုကြည့်ရင်း မိမိ ၏ အတိတ် ကြေးမုံတွင် ဘဝများ ကောက်ရိုးမျှင်နွှားဆွဲစားသလို အစီအရီ ပေါ်လာပါတယ်။ ခင်မေဦး ရှေ့ဘဝကို စိတ်ညွှတ်လိုက်သော အခါ ၁-စစ်ဗိုလ်ဘဝ၊ ၂-လှလှပပ သူဌေးသမီးဘဝ၊ ၃-သူများကိုဩဇာပေးတတ်တဲ့ မိန်းမကြီးဘဝ၊ ၄-ခြင်္သေ့ကြီးဘဝ၊ ၅-အော်ဟစ်တတ်တဲ့ လှေသူကြီး ဘဝ၊ ၆-သီလရှင်ဘဝ၊ ၇-သူဌေးယောက်ျား ဘဝ၊ ၈-နန်းတွင်းမင်းသမီး ဘဝ၊ ၉-ဘုန်းကြီးဘဝ၊ ၁၀-နဂါးဘဝ၊ ၁၁-ဘုရင်ဘဝ အစသဖြင့် မဆုံးနိုင်သော ဘဝများကို ကွင်းဆက်ဖြင့်ကြည့်ရပါတယ်။ ပစ္စုန်ပ္ပန် ဘဝ၊ အနာဂတ်(၄)ဘဝများကို မိမိသေဆုံးမည့် အသက်နှင့် ပုံရိပ်ကိုပါ မြင်ရပါတယ်။

ထို့နောက် နဂါးပြည်နှင့် ငရဲပြည်ကိုလည်း သွားရပါတယ်။ နဂါးပြည်မှ ဘုရားကိုလည်း သေသေ ချာချာဖူးရပြီး၊ စွယ်တော်ကိုလည်း ဖူးခဲ့ရပါတယ်။ ငရဲပြည်တွင် လည်း ငရဲကျခံနေရသည့် အဇာတသတ် ကြီးကို သံချွန်ဖျားထိုးစိုက်ပြီး ကျောအောက်မှာ မီးပုံကြီး မြင်ခဲ့ရပါတယ်။ စိဥ္စမာန၊ ဒေဝဒတ် တို့ ငရဲကျခံနေရပုံမှာ ကျွန်မကိုယ်တိုင် ပူလောင်မှု ခံစားရပါတယ်။ ငရဲမင်းကြီးမှ သားသတ်သမားကို တရားစစ်မေးနေပုံကိုလည်း တွေ့ခဲ့ပါတယ်။ ငရဲပြည်မှ အပြန် ပူလောင်သည့် အတွက် ဗြဟ္မာပြည်ရှိ ဒုဿစေတီကြီးကိုသွား ရောက်ပြီးဖူးခဲ့ပါတယ်။

ရောဂါကင်းဝေး တရားဆေး ဆိုသည့် အတိုင်း ပါးထွက်၊ နားထွက်၊ လီးစား၊ ဖြတ်စား သင်ခန်းစာတွင် ကျွန်မတစ်ကိုယ်လုံးရှိ ကလီစာများကို အလင်းနိမိတ်ဖြင့် အကြိမ်ဖန်များ စွာ ကြည့်မြင်ဖြတ်တောက်ကုသပါတယ်။ တစ်ကိုယ်လုံး ပေါ့ပါးပြီး အမည်း

တန်းကြီးဖြာ၊ အခိုးအငွေ့များ ထွက်သွားပြီး တစ်ကိုယ်လုံးပြတ်ထွက်သွားသလို ခံစားရပါတယ်။ တရားတော်၏ ဂု ဏ်ကျေးဇူးကား အတိုင်းမသိကြီးမားလှပါတယ်။

ငြိမ်းစေမည် သင်ခန်းစာမှာ အလွန်ငြိမ်းချမ်းတဲ့ အရသာကိုခံစားရပါတယ်။

ဝိပဿနာရှုမှတ်ချိန် စတင်ပါတယ်။ ရူပပရိဂ္ဂဟ ကိုပွားရာ၌ ရုပ် ရုပ် ဟု စတင်ရှုမှတ်လိုက်စဉ်မှာ ပဲ ခန္ဓာ ကိုယ်ဖောက်ပြန်တတ်ပုံကို များ စွာ ခံစားရ၍ ဤ ခန္ဓာကိုယ်ကို မလိုချင်အောင် ခံစားခဲ့ရပါတယ်။

နာမပရိဂ္ဂဟ၌ သိသည် သိသည် ပွားစဉ်မှာ ပဲ ကျွန်မ၏ ခန္ဓာကိုယ်ကြီး ဦးခေါင်းမှ စပြီး အတွင်းကလီစာများ ၊ အရေပြားများ အ ရိုးများ ပွဲကြွေ၊ ပုပ်ပွ၊ အူတွေ ထွက်၊ ရစရာမရှိအောင်ပျက်စီးပုံ အရိုးစုများ ပွဲကြွေကျ၊ အရိုးစုပျောက်သွားပုံကို ပန်းချီကားချပ်ကြီး တစ် ခုကို ကြည့်နေရသလို ရှုမြင်စဉ်တွေ့ရှိရပါတယ်။ ဤရုပ် ဤခန္ဓာကြီးကိုကြည့်ပြီး ကြောက်ရွံ့မှု၊ ဘဝသံသရာကြီးကို အလွန်စိတ် ပျက်ပြီး စိတ်ထဲမှာ မမေ့နိုင်အောင် ရှုမှတ်ပွားများ ရပါတယ်။ ပစ္စယပရိ ဂ္ဂဟတွင် အဖြစ် အပျက်ကို မြန်စွာဖြစ်သည် ။ သမ္မသနဉာဏ်ရှုမှတ်ပွား စဉ်မှာ လည်း ခန္ဓာကိုယ်၊ ဦးခေါင်းပိုင်း၊ ရင်ဘတ်ပိုင်း၊ ခြေထောက်ပိုင်းများ ဖောင်းကားပြီး သေးကျုံ့သွားရာမှ အစက်အပျော က် ဖြစ်ပုံရှုမှတ်နေရင်းမြင်ရသည် ။ မိမိခန္ဓာကိုယ်ကြီးမှာ ဖန်ကြည်တုံးကြီးကို ကြည့်ရသလို ဥဒယဗ္ဗယဉာဏ်တွင် လည်း မြင်ရခြ င်း၊ ဘင်္ဂဉာဏ်ကို ပွားစဉ် ခန္ဓာကိုယ်က ပန်ကာလည်သလိုခံစားရပြီး တ စ်ကိုယ်လုံးသွေးတွေ ဆူပွက်သလိုရှုမှတ်ရင်း ဖြစ်ပျက်သဘောကို ဆင်ခြ င်မိပါတယ်။ ဘယဉာဏ်ကိုပွားစဉ် သည် ခန္ဓာကိုယ်ကြီးကို မလိုချင်

လောက်အောင် ကြောက်နေပါပြီ။ အာဒီနဝ ဉာဏ်ကိုပွားစဉ်မှာ လည်း ခန္ဓာကိုယ်က ပူလိုက်အေးလိုက်ဖြစ်ခြင်းကို ခံစားပြီး ရန်သူသဖွယ် အနိစ္စသဘောကို ခံစားရပါတယ်။

နိဗ္ဗိန္ဒဉာဏ်ကို ရှုမှတ်ပွားစဉ်တွင် ခန္ဓာကိုယ်ကြီးကို စိတ်ပျက်ငြီးငွေ့ပြီး ဆက်ရှုမှတ်ပွားစဉ် ခြေဖျားမှ အပူများ တိုးထွက်သွားသလိုခံစားရပါတယ်။ နောက်ပိုင်း ဉာဏ်စဉ်များ တွင် ဖြစ်လိုက် ပျက်လိုက် ဆင်ခြင်မိရင်း သင်္ခါရုပေက္ခာဉာဏ်မှာ တော့ ဒီလိုအရသာမျိုးမရှိနိုင် တော့ဘူးလို့ ထင်ရလောက်အောင် ခန္ဓာကိုယ်ကြီးသည် မိမိမပိုင်ပါတကားဟု အနိစ္စ၊ ဒုက္ခ၊ အနတ္တ သော့ကြီး(၃)ချောင်း တွေ့ရှိရသဖြင့် မိမိဘဝမှာ အမှောင်ကိုခွင်းပြီး အလင်းထဲကိုရောက်အောင် လာသောသူနှင့် တူသည် ဟု ခံစားမိရင်း ဤကနီနည်း သမထဝိပဿနာ ရှုမှတ်နည်းကို လူသားများအား သနားတော်မူသဖြင့် ပေးသနားခဲ့သော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မောင်းထောင်မြေဇင်း တောရ ဆရာတော်ဘုရားကြီးနှင့် တရားပွားများ သူများ ၏ ရင်ထဲသို့ ရောက်အောင် သင်ပြပေးနိုင်သော ဗောဓိ အေးငြိမ်း ဆရာတော် ဦးကေလာသအား လက်ဆယ်ဖြာ ထိပ်မှာ မိုးပြီး ရှိခိုးကန်တော့ပါသည် ဘုရား။

ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်ရင်း သာဓုခေါ်ချင်ပါသေးသည် ။ မိမိတို့ တရားအားထုတ်ရသော အဆောင်များကို ဆောက်လုပ်လှူဒါန်းသူများကိုလည်း သာဓုခေါ်ရင်း ကျေးဇူးတင်ပါသည် ။

တရားနှင့် ပတ်သက်၍ သိလိုသမျှကို မေးမြန်းခွင့်ပေးသော စိတ်ရှည်စွာရှင်းပြပေးခဲ့သော အရှင် ပညာဒီပအားလည်း ရှိခိုးကန်တော့ကျေးဇူးတင်ပါ သည် ဘုရား။ ဝေယျာဝစ္စကုသိုလ်ရှင်အဖွဲ့မှ ဆွမ်း၊ ဆွမ်းဟင်း၊ ဖျော်ရည်၊ ရေ၊ မီးလိုသည် များကို ဖြည့်ဆည်းပေးကြသော ဆရာလေး

ဒေါ်နန္ဒသိင်္ဂီ၊ ဦးလေး ဦးဉာဏ်ဝင်း၊  ဦးကျော်ဆန်း၊ ဦးရခိုင်(ခ) ဦးကျော်သန်း၊  ဦးငွေမောင်း၊ မျိုးမင်းသန်း၊ မခင်စန်းဝင်းနှင့် ဒေါ်ရွှေ တို့ အား အထူး ကျေးဇူးတင်ပါသည် ။

ဒီတရားရိပ်သာလေးကို လာရောက် အားထုတ်ချင်လာအောင် တိုက်တွန်းဆွဲခေါ်လာသူ ညီမငယ် ခင်မျိုးလှိုင်ကိုလည်း ကျေးဇူးတင်ပါသည် ။

ကျွန်မကဲ့သို့ အမှောင်ထဲက တရားဓမ္မအလင်းကို ရှာလိုသူများ ဤရိပ်သာလေးကို တစ်ခါတစ်ခေါက်လောက် လာလှည့်ပါလို့ ဖိတ်ခေါ်ရင်း။

**အမှတ်စဉ်(၁၆) စခန်းဝင်**

**ယောဂီ ခင်မေဦး**

**ရန်ကုန်မြို့**

*****